# PROVEN GROUP OF COMPANIES NEWSLETTER

WWW.PROVEN.COM.MM

PROVEN GROUP OF COMPANIES

April, May & June 2024







## Highlights

- Write-off meeting (Quarterly)
- ဝန်ထမ်းသစ်များအတွက် Product Knowledge Training & Factory Visit
- BOD Retreat
- ကမ္ဘာ့အလုပ်သမားနေ့ CSR Activities
- ညီနောင်ကုမ္ပဏီအသီးသီးတွင် Management Review Committee (MRC) Meeting ကျင်းပခြင်း
- CSR Steering Committee (ဒုတိယပတ်) အစည်းအဝေးအား ကျင်းပခြင်း
- World Environment Day 2024 အခမ်းအနားကျင်းပခြင်း၊
- ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကျင်းပခြင်း

Visit to Our www.proven.com.mm Website



IATF-16949 International Automotive Task Force Certificate (April 2024)



2024 World Environmental Day



School Accessories Donation

# Write-Off အစည်းအဝေး ကျင်းပခြင်း (Quarterly)

၂၀၂၄ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့နှင့် (၁၀)ရက်နေ့တို့တွင် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Distribution Co., Ltd ၏ ရုံးခွဲများဖြစ်သည့် မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ ပြည်၊ ပုသိမ်၊ မော်လမြိုင်၊ မြစ်ကြီးနား၊ တောင်ကြီးတို့တွင် Fixed Asset စာရင်းခေါင်းစဉ်အောက်တွင်ရှိနေသည့် သက်တမ်းကုန်ဆုံးကာ ပျက်စီးယိုယွင်းနေသည့်ပစ္စည်းများကို စာရင်းမှ ပယ်ဖျက်ရန် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပါသည်။




# PRODUCT KNOWLEDGE TRAINING & FACTORY VISIT

၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် Proven Group of Companies နှင့် Proven Distribution Co., Ltd တို့၏ ဝန်ထမ်းသစ်များအား Product Knowledge Training နှင့် TOYO နှင့် LION ဘတ်ထရီတို့၏ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ Process and Battery Knowledge နှင့်ပတ်သတ်၍ Production Manager မှ လည်းကောင်း၊ Chemical Handling & Storage နှင့် ပတ်သက်၍ Safety Officer မှ လည်းကောင်း အသီးသီး သင်တန်းပေးခဲ့ကြပါသည်။ ဝန်ထမ်းများမှလည်း သိလိုသည်များ မေးမြန်းခဲ့ပါသည်။










# Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့ဝင်များ Malaysia နိုင်ငံသို့ Retreat Trip သွားရောက်ခြင်း













၂၀၂၄ ခုနှစ် ၊ ဧပြီလ (၁၁)ရက်နေ့မှ (၁၆) ရက်နေ့အထိ **Proven Group of Companies** နှင့်အတူ ရေရှည်တည်တံ့ ရပ်တည်နိုင်စေရန် ထောက်ပံ့ကူညီပေးခဲ့ကြသည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် **Retreat** အနေဖြင့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့သို့ အလည်အပတ်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ကြပါသည်။

## ကမ္ဘာ့အလုပ်သမားနေ့ CSR Activities



“မေလ (၁) ရက်နေ့ ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **Proven Group of Companies** ၏ ညီနောင်ကုမ္ပဏီများဖြစ်ကြသော **Proven Technology Industry Co., Ltd** နှင့် **Proven Polyworld Industry Co., Ltd** တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ်၊ မေလ (၁)ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် တာမွေမြို့ အလုပ်သမားဆေးရုံနှင့် ရန်ကုန်အထူးကုဆေးရုံကြီး (ကုတင်-၅၀၀) တို့၌ ဆေးကုသမှုခံယူလျက်ရှိသော အလုပ်သမား/ဝန်ထမ်းမိသားစုများ/ လူနာများ/လူနာစောင့်များအတွက် လူဦးရေ (၈၀၀)စာ အဟာရဒါန (နေ့လည်စာ) လှူဒါန်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ပြုလုပ်ခဲ့ပါသည်။”







# ညီနောင်ကုမ္ပဏီအသီးသီးတွင် MRC MEETING ကျင်းပခြင်း




၂၀၂၄ ခုနှစ်၊ မေလ (၄)ရက်နေ့၊ (၁၁)ရက်နေ့နှင့် (၂၂) ရက်နေ့တို့တွင် **Proven Group of Companies** ၏ ညီနောင်ကုမ္ပဏီများတွင် **Management Review Committee (MRC) Meeting** များပြုလုပ်ခဲ့ကြပါသည်။ ၎င်း **Meeting** တွင် ကုမ္ပဏီအသီးသီး၏ **Department** တစ်ခုချင်းအလိုက် ချမှတ်ပေးထားသော **Standard** များကို **Achieved** ဖြစ်/မဖြစ်တင်ပြခဲ့ကြပါသည်။


၎င်း **Meeting** ၏ ရည်ရွယ်ချက်မှာ -

- ကုမ္ပဏီမှချမှတ်ထားသော **ISO** နှင့် **IATF** တို့၏ **Standard** များ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း၊
- လုပ်ငန်းခွဲတစ်ခုချင်းအလိုက် လုပ်ဆောင်ချက် (**Performance**) များကို ပြန်လည်သုံးသပ်ခြင်း၊
- လုပ်ငန်းတစ်ခုချင်း၏ **Product** နှင့် ဝန်ဆောင်မှုများကို **Customer** များအနေဖြင့် စိတ်ကျေနပ်မှုရှိ/မရှိ သိရှိလိုခြင်း၊
- လက်ရှိလုပ်ငန်း၏ အခြေအနေနှင့် နောင်အနာဂတ်တွင် တိုးတက်မှုရှိစေရန် မည်သို့ဆောင်ရွက်နိုင်မည်ကို သုံးသပ်နိုင်စေရန် တို့ ဖြစ်ပါသည်။





# CSR Steering Committee (ဒုတိယပတ်) အစည်းအဝေးအား ကျင်းပခြင်း




၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် **Corporate Social Responsibility Steering Committee** ၏ ဒုတိယပတ်အစည်းအဝေးအား ပြုလုပ်ခဲ့ရာ ၎င်း **Meeting** တွင် တတိယပတ်အစည်းအဝေးမတိုင်မီ ထပ်မံပြုလုပ်မည့် **CSR Activities** များနှင့် ယခင်ချမှတ်ထားသည့် ဘတ်ဂျက်များအားပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းများကို ဆွေးနွေးကြခဲ့ပါသည်။

# WORLD ENVIRONMENT DAY 2024 အခမ်းအနားကျင်းပခြင်း










သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်၊ ကမ္ဘာကြီးပူနွေးလာမှု လျော့ချပေးနေစေရန် ဆောင်ရွက်ချက်ဖြင့်လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးနှင့် ကုမ္ပဏီအဖွဲ့စုတစ်ခု၏ အရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ် (**Sustainable Program**) တစ်ရပ်အဖြစ်ရှိစေရေး ရည်ရွယ်ချက်များဖြင့် **Proven Group of Companies** က ဦးဆောင်၍ ညီနောင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်လျက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အခမ်းအနား(**World Environment Day Event**)အား **5th June, 2024** ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အ.မ.က (၈) မူလွန်ကျောင်းတွင်ပြုလုပ်ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် **Proven Group of Companies** ၏ **CEO** ဖြစ်သူ ဦးသန်းထိုက်လွင်က အမှတ်တရအမှာစကားပြောကြားခြင်း၊ တက်ရောက်လာသည့် သက်ဆိုင်ရာ ညီနောင်ကုမ္ပဏီများမှ အုပ်ချုပ်မှုဒါရိုက်တာများ၊ အလုပ်မှုဆောင်ဒါရိုက်တာများက အမှတ်တရအမှာစကားများ ပြောကြားခဲ့ပြီး ကျောင်းပတ်ဝန်းကျင်တွင် အရိပ်ရအပင်များဖြစ်သည့် စိန်ပန်း၊ ခရေ၊ ထိုင်ဝမ်ဗန်ဒါနှင့် ငုဝါပင် အစရှိသည့် အပင်အရေအတွက် စုစုပေါင်း (၅၀)ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြပါသည်။

တစ်ဆက်တည်းမှာပင် ကျောင်း၏ အခြေခံအဆောက်အဦးပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် သိန်း (၂၀) ကျပ် တန်ဖိုးနှင့်ညီမျှသော အဝင်လျှောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ သောက်ရေခန်းအား ကွန်ကရစ် ထပ်မံမြှင့်တင်ခြင်း၊ အိမ်သာခန်းများ အတွင်းအပြင်ဆေးသုတ်ခြင်းနှင့် ပြုပြင်ခြင်း၊ ရေပိုက်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဝန်ထမ်းများ၏ သား/သမီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကျင်းပခြင်း






**29th June, 2024** (စနေနေ့)၊ မွန်းလွဲ (၂:၃၀) နာရီအချိန်တွင် **Proven Group of Companies** မှ ဦးဆောင်၍ ညီနောင်ကုမ္ပဏီများနှင့်အတူ ကုမ္ပဏီဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံမှ ဝန်ထမ်းများ၏ သားငယ်/သမီးငယ် (၂၃၄) ဦးတို့အတွက် စုစုပေါင်း- ကျပ်သိန်း (၁၅၀) တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ မိုးကာနှင့် ထမင်းချိုင့်များပေးအပ်ခြင်း အခမ်းအနားကို **Proven Technology Industry Co., Ltd (Toyo and Lion Battery)** ၏ စက်ရုံအမှတ် (၂)တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် အမှုဆောင်ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် သားငယ်/သမီးငယ်လေးများနှင့် ပျော်ရွှင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။








**Get in touch us:**
**No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar. (PostCode -11041)**
**Corporate Contact No. (+95)9 880876920**
**Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667**
**www.proven.com.mm**